# မြန်မာဝါကျများ၏
# အနက်အဓိပ္ပာယ်ဖော်လေ့လာခြင်း

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မမိုးမိုး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ခုနှစ်၊ ဇူလိုင်လ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းတွင် ဘာသာစကား၏အခြေခံယူနစ်ဖြစ်သော ‘ဝါကျ’နှင့် ‘အနက်အဓိပ္ပာယ်’၏ ဆက်စပ်ယှက်နွယ်မှုကို လေ့လာတင်ပြထားပါသည်။ ‘ဝါကျ’ကို အသုံးပြုနိုင်ရန် လူတို့၏ ဦးနှောက်ထဲတွင် ဦးစွာ တည်ဆောက်ဖွဲ့စည်းပြီးမှ ‘အသံ’အဖြစ် ထုတ်ဖော်ပြောနိုင်သကဲ့သို့ ‘စာ’အဖြစ်ချရေးပြနိုင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ‘ဝါကျ’သည် ဒြပ်မဲ့သဘောဆောင်သည့် သဒ္ဒါဆိုင်ရာ စည်းကမ်းအစုအဝေးဖြစ်ကြောင်းတွေ့ရပါသည်။ ဝါကျတည်ဆောက်ရာတွင် ဘာသာစကား၏အတွင်းပိုင်းဖွဲ့စည်းမှုအရ အနက်အဓိပ္ပာယ်အမျိုးမျိုးရအောင် တည်ဆောက်နိုင်သကဲ့သို့ ဘာသာစကား၏ ပြင်ပအခြေအနေအဆက်အစပ်များဖြစ်သော လူမှုအခြေအနေများ၊ ဟန်ပန်မူရာသွင်ပြင်များ၊ မွမ်းမံသံများကလည်း ဝါကျအနက်အဓိပ္ပာယ်ကို ပြဋ္ဌာန်းပေးနိုင်ပါသည်။ ‘ဝါကျ’ကို အသုံးပြုရာတွင် ‘အရေး’ရော ‘အပြော’ပါ အကျုံးဝင်သည့်အတွက် ဝါကျအနက်အဓိပ္ပာယ်ကို လေ့လာရာတွင်လည်း ‘အရေး’ ‘အပြော’နယ်ပယ် နှစ်ရပ်စလုံးမှ လေ့လာတင်ပြထားပါသည်။ ထို့ကြောင့် မြန်မာဝါကျ၏သဘောသဘာဝနှင့် အနက်အဓိပ္ပာယ်ကို သဒ္ဒါဝါကျဖွဲ့ထုံးရှုထောင့်၊ အတ္ထဗေဒရှုထောင့် တို့သာမက လက်တွေ့အတ္ထဗေဒရှုထောင့်နှင့် လူမှုဘာသာဗေဒရှုထောင့်တို့မှပါ ဆက်စပ်လေ့လာတင်ပြထားပါသည်။